International Labour Organization

ILO/Japan Fund for Building Social Safety Nets in Asia and the Pacific

# သင်ခန်းစာ အသေးစိတ်ပါရှိသည့် သင်တန်းအမျိုးအမည်စာရင်း

မတ်လ ၂၀၂၂ ခုနှစ်

## ရရှိနိုင်သော သင်တန်းများ

၁။ အိုင်အယ်(လ်)အို၏ အထူးကြီးကြပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မိတ်ဆက်

၂။ နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများ မိတ်ဆက်

၃။ အပြန်အလှန်ဆွေးနွေးပြောဆိုမှုဆိုင်ရာ မိတ်ဆက်

၄။ ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ မိတ်ဆက်

၅။ လုပ်ငန်းခွင်များတွင် ကိုဗစ် – ၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး – အထည်ချုပ်လုပ်ငန်း

၆။ လုပ်ငန်းခွင်များတွင် ကိုဗစ် – ၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး – ဆောက်လုပ်ရေးလုပ်ငန်း

၇။ လုပ်ငန်းခွင်များတွင် ကိုဗစ် – ၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး – လယ်ယာစိုက်ပျိုးရေး လုပ်ငန်း

၈။ မြန်မာနိုင်ငံရှိ အမျိုးသမီး၊ အမျိုးသား ချင်းစိုက်တောင်သူများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်း

ဤလမ်းညွှန်တွင် ရရှိနိုင်သောသင်တန်းများ၏ အောက်ပါအချက်အလက်များကို စုစည်းဖော်ပြထားပါသည်။

- ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေ တက်ရောက်မှာလဲ။
- ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။
- သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။
- သင်တန်းတက်ဖို့အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး မြန်မာ**
အမှတ် ၁ (က)၊ ကန်ဘဲ့လမ်း (သစ္စာလမ်း)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း  +၉၅ ၁ ၇၃၃၆၅၃၈၊ ၇၃၃၆၅၃၉

## ၁။ အိုင်အယ်(လ်)အို၏ အထူးကြီးကြပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မိတ်ဆက်

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

ဤသင်တန်းသည် အထူးသဖြင့် မြန်မာနိုင်ငံရှိ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို ရည်ရွယ်ပါသည်။ ယင်းသင်တန်းသည် ရှေ့နေများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂတာဝန်ရှိသူများ၊ ကျွမ်းကျင်သူမဟုတ်သူများနှင့် အများပြည်သူနှင့်လည်း ဆီလျော်မှုရှိနိုင်ပါသည်။

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

ဤမိတ်ဆက်သင်တန်းသည် နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများ သို့မဟုတ် အိုင်အယ်(လ်)အို၏ အခြေခံမူများကို အကျိုးသက်ရောက်စေသော နည်းလမ်းနှင့်စပ်လျဉ်း၍ စွပ်စွဲထားသည့် ချွတ်ယွင်းချက်များနှင့်ပတ်သက်ပြီး၊ အိုင်အယ်(လ်)အို မိတ်ဖက်အဖွဲ့အစည်းများ တင်ပြနိုင်ရာတွင် အထောက်အကူပြုသော အထူးကြီးကြပမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများများ ခြုံငုံ သုံးသပ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ပုံမှန်ကြီးကြပ်မှုစနစ်နှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတအပြင်၊ သင်တန်းတွင် အောက်ပါတို့နှင့်စပ်လျဉ်းသည့် သင်ခန်းစာများ ပါဝင်ပါသည်။

- အိုင်အယ်(လ်)အို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် ၂၄ အရ၊ ကိုယ်စားပြုခြင်းများ
- အိုင်အယ်(လ်)အို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် ၂၆ အရ၊ တိုင်ကြားမှုများ
- လွတ်လပ်စွာအသင်းအပင်းဖွဲ့အစည်းခြင်းဆိုင်ရာ ကော်မတီထံ တိုင်ကြားခြင်း

သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး၊ အိုင်အယ်(လ်)အို အထူးကြီးကြပ်မှုအဖွဲ့များ၏ သုံးသပ်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ဆက်လက်လုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဤသင်တန်းကို အပြန်အလှန်အကျိုးသက်ရောက်ပြီး၊ ချိတ်တစ်ခုနှင့်တစ်ခုချိတ်ဆက်ထားသည့် အကြောင်းအရာများဖြင့် အပိုင်း ၇ ပိုင်း ခွဲထားပြီး၊ ပြီးဆုံးရန် ခန့်မှန်းခြေအားဖြင့် ၂ နာရီခန့် ကြာမြင့်မည် ဖြစ်ပါသည်။

ဤသင်တန်းတွင် သင်တန်းအတွက်အသုံးပြုသည့် ပစ္စည်းများကို သင်တန်းသားများ ကောင်းစွာသိရှိ နားလည်စေရန်အတွက် သင်ခန်းစာမော်ကျူးများတွင် ဉာဏ်စမ်းပဟေဠိမေးခွန်းတိုများနှင့် သင်တန်းပြီးဆုံးချိန်တွင် အသိပညာအကဲဖြတ်ဆန်းစစ်မှုတို့ ပါဝင်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

စိတ်ပါဝင်စားသူမည်သူမဆို ကိုယ်တိုင်စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းနှင့် အပြီးသတ် အကဲဖြတ်ဆန်းစစ်မှုပြီးဆုံးသောအခါတွင် သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် ရရှိမည် ဖြစ်ပါသည်။



## ၂။ နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများမိတ်ဆက် (ILS)

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

သင်တန်းသည် အိုင်အယ်(လ်)အိုရဲ့ သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂစနစ်၊ ကျွမ်းကျင်ပညာရှင်မဟုတ်သောသူများနှင့် အများပြည်သူအတွက် ဦးတည်ရည်ရွယ်ပါသည်။

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

ဤမိတ်ဆက်သင်ခန်းစာက အောက်ပါအကြောင်းအရာတွေကို ဖြည့်ဆည်းပံ့ပိုးပေးမှာ ဖြစ်ပါတယ်။

- နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းတွေက ဘာတွေလဲ။ အဲ့ဒီစံချိန်စံညွှန်းတွေကို ရေးဆွဲဖော်ဆောင်ရတဲ့ အကြောင်းရင်းတွေ၊ အဲ့ဒီစံချိန်စံညွှန်းတွေရဲ့ ဆက်စပ်မှုနဲ့ ယနေ့အချိန်မှာအဲ့ဒီစံချိန်စံညွှန်းတွေကို ဘယ်လိုအသုံးပြုနေတာလဲဆိုတာနဲ့ ပတ်သက်ပြီး သိရှိနားလည်ခြင်း
- နိုင်ငံတကာ အလုပ်သမားရေးရာစံချိန်စံညွှန်းတွေကို လက်ခံအတည်ပြုပုံ၊ မြှင့်တင်ဆောင်ရွက်ပုံနဲ့ အဲ့ဒီစံချိန်စံညွှန်းတွေကို ကျင့်သုံးတဲ့အခါ ဘယ်လိုကြီးကြပ်ဆောင်ရွက်တယ်ဆိုတာနဲပတ်သက်ပြီး သိရှိနားလည်ခြင်း
- နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းတွေနဲ့ အကျုံးဝင်တဲ့အကြောင်းအရာတွေနဲ့ အဲ့ဒီစံချိန်စံညွှန်းတွေနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတ

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

သင်ခန်းစာကို အပြန်အလှန်ပါဝင်ဆောင်ရွက်မှုနည်းလမ်းဖြင့် ထိရောက်သောအပိုင်း ၃ ပိုင်းခွဲခြားထားပါ သည်။

- နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများ အတိုချုပ်
- နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို လက်တွေ့လုပ်ဆောင်ခြင်း
- နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို အသုံးပြုခြင်း

လိုအပ်သည့် အသိပညာအတွက် အထောက်အကူဖြစ်စေရန်နှင့် သင်ခန်းစာများကို သေချာစွာ သိရှိနားလည်စေရန်အတွက် သင်ခန်းစာမော်ကျူးများ သင်ယူလေ့လာနေစဉ်အတွင်း အသိပညာဗဟုသုတ အကဲဖြတ်ဆန်းစစ်မှုပါဝင်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

စိတ်ပါဝင်စားသူမည်သူမဆို ကိုယ်တိုင်စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းပြီးဆုံးသောအခါတွင် သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်ကို ဒေါင်းလုတ်ဆွဲပြီး ရယူနိုင်ပါသည်။ ဂုဏ်ယူဝမ်းမြောက်ပါသည်။





## ၃။ အပြန်အလှန်ဆွေးနွေးပြောဆိုမှုအကြောင်း မိတ်ဆက်

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

သင်တန်းသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပါသည်။

- အလုပ်သမားရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ (MoLIP, MoPFI, MIFER စသည်တို့) မှ အရာရှိများ
- အမျိုးသားအဆင့် သုံးပွင့်ဆိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
- လွှတ်တော်ကိုယ်စားလှယ်များ
- လုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သူများ
- လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းရှိ အခြားသော ပါဝင်သက်ဆိုင်သူများ
- အပြန်အလှန်ဆွေးနွေးပြောဆိုမှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ပါဝင်သော အသင်းအဖွဲ့များမှ ဝန်ထမ်းများ (ပညာရေးအသင်းအဖွဲ့၊ သုတေသနအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အပါအဝင်)

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ လုပ်ငန်းခွင်နှင့် အလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာ ဆက်ဆံရေးများနှင့်စပ်လျဉ်းသည့် အဓိကမူများနှင့် သဘောတရားများအား သင်တန်းသားများ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဤအွန်လိုင်းလေ့လာသင်ယူမှု သင်ခန်းစာကို ဒီဇိုင်းပုံဖော်ထားပါသည်။ အထူးသဖြင့်၊ သင်တန်းသားများ အနေဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးတွင်ပါရှိသည့် အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ထင်ဟပ်စေမည်ဖြစ်ပြီး၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ သုံးပွင့်ဆိုင်စနစ်တို့နှင့် စပ်လျဉ်းပြီး အခြေခံအသိပညာဗဟုသုတနှင့် အသိအမြင်များကို လေ့လာသင်ယူလျက်၊ သက်ဆိုင် ရာအိုင်အယ်(လ်)အို စံချိန်စံညွှန်းများကို အခြေခံကာ၊ အလုပ်သမားရေးရာအငြင်းပွားမှုဆိုင်ရာစနစ်များနှင့်ရင်းနှီးကျွမ်းဝင်သူများ ဖြစ်လာမည်ဖြစ်ပါသည်။

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

သင်ခန်းစာကို အပြန်အလှန်ပါဝင်ဆောင်ရွက်မှုနည်းလမ်းဖြင့် ထိရောက်သောအပိုင်း ၃ ပိုင်းခွဲခြားထားပါ သည်။

- အပြန်အလှန်ဆွေးနွေးပြောဆိုမှုနှင့် သုံးပွင့်ဆိုင်စနစ်
- စုပေါင်းညှိနှိုင်းဆွေးနွေးမှု
- အငြင်းပွားမှုတားဆီးကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်း

သင်းတန်းသားများအနေဖြင့် အဆင့်အားလုံးတွင် အပြန်အလှန်ဆွေးနွေးပြောဆိုမှုကို အောင်မြင်စွာပါဝင် ဆောင်ရွက်နိုင်စေရန် ဤသင်ခန်းစာသည် သင်တန်းသားများ၏ အသိပညာဗဟုသုတကို တိုးတက်မြင့်မားစေမည်ဖြစ်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

စိတ်ပါဝင်စားသူမည်သူမဆို ကိုယ်တိုင်စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းပြီးဆုံးသော အခါတွင် သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ကို ဒေါင်းလုတ်ဆွဲပြီး ရယူနိုင်ပါသည်။ ဂုဏ်ယူဝမ်းမြောက်ပါသည်။

## ၄။ ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ မိတ်ဆက်

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

ဤသင်တန်းသည် အိုင်အယ်(လ်)အို၏ သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ လူ့စွမ်းအားအရင်း အမြစ်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ သာတူညီမျှမှုရှိရေးကို တစိုက်မတ်မတ်ဆောင်ရွက်သည့် ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူမဟုတ်သူများနှင့် အများပြည်သူထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရန် ရည်ရွယ်ပါသည်။ လုပ်ငန်းခွင်များတွင် အခွင့်အလမ်းတန်းတူညီမျှမှု ရှိရေးနှင့် ခွဲခြားဆက်ဆံမှုမရှိစေရေးအတွက် ထိုတာဝန်ရှိသူများ၏ မတူညီသော လိုအပ်မှုများ ပြည့်ဝစေရန် ဤသင်တန်းကို ဒီဇိုင်းပုံဖော်ထားပါသည်။

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

ဤသင်တန်းတွင် အောက်ပါအကြောင်းအရာများကို သင်ကြားပို့ချပေးသွားမည် ဖြစ်ပါသည်။

- ကျား၊ မ တန်းတူညီမျှမှုသည် မည်သည့်အရာကို ဆိုလိုခြင်းဖြစ်ကြောင်းနှင့် ယင်းသည် အဘယ်ကြောင့် အရေးကြီးကြောင်းကို အဆင့်ဆင့် ခွဲခြမ်းစိတ်ဖြာခြင်း
- ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ နိုင်ငံတကာ မူဘောင်များ
- ကဏ္ဍတိုင်းတွင် ကျား၊ မ တန်းတူညီမျှမှုကို ပေါင်းစည်းထည့်သွင်းခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် နည်းလမ်းများကို ခြုံငုံသုံးသပ်ခြင်း

ဤသင်တန်းသည် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် လက်တွေ့ကျသည့် အသိပညာများနှင့် နည်းလမ်းများကို ဖြည့်ဆည်းပံ့ပိုးရန်နှင့်၊ လုပ်ငန်းခွင်များတွင် ကျား၊ မ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ဆောင်ရွက်ရန်အတွက် သင်တန်းသားများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် ရည်ရွယ်ပါသည်။

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဤသင်တန်းကို ထိရောက်သည့် အပိုင်း ၃ ပိုင်းခွဲခြားထားပြီး၊ သင်တန်းတွင် အသုံးပြုသည့် ပစ္စည်းများကို သင်တန်းသားများ ကောင်းစွာသိရှိနားလည်စေရန်အတွက် သင်ခန်းစာမော်ကျူး တစ်ခုစီတိုင်းတွင် အသိပညာ အကဲဖြတ်ဆန်းစစ်မှုပါဝင်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

စိတ်ပါဝင်စားသူမည်သူမဆို ကိုယ်တိုင်စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းနှင့် အပြီးသတ်အကဲဖြတ်ဆန်းစစ်မှုပြီးဆုံးသောအခါတွင် သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် ရရှိမည်ဖြစ်ပါသည်။





## ၅။ လုပ်ငန်းခွင်များတွင် ကိုဗစ်–၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး – အထည်ချုပ်လုပ်ငန်း

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

သင်တန်းသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပါသည်။

- အိုင်အယ်(လ်)အို၏ သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများ
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ
- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဝန်ထမ်းများ
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ကျန်းမာရေးလုပ်သားများ
- မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ – စက်ချုပ်အလုပ်သမားများ၊ အရည်အသွေး ထိန်းသိမ်းရေးလုပ်သားများ၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ မီးပူတိုက်အလုပ်သမားများ၊ ကုန်ပစ္စည်းထုတ်ပိုးသည့်အလုပ်သမားများ
- အလုပ်သမားအဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ
- ကျွမ်းကျင်ပညာရှင်မဟုတ်သောသူများ
- အများပြည်သူ





**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

သင်ခန်းစာတွင် အောက်ပါအကြောင်းအရာများပါဝင်ပါသည်။

၁။ ဗိုင်းရပ်(စ်)က ဘယ်လိုကူးစက်ပျံ့နှံ့ပြီး၊ ကူးစက်နိုင်ခြေရှိတဲ့အနေအထားတွေက ဘာတွေလဲ။

၂။ စက်ရုံမှာရှိတဲ့ဘယ်လိုအရာဝတ္ထုပစ္စည်း/မျက်နှာပြင်တွေက ရောဂါပိုးမွှားတွေ တွယ်ကပ်နိုင်ပါသလဲ။


၃။ ဗိုင်းရပ်(စ်)ပိုးဟာ တစ်စုံတစ်ခုသောမျက်နှာပြင်ပေါ်မှာ ဘယ်လောက်ကြာကြာရှင်သန်နေနိုင်ပါသလဲ။

၄။ အဖြစ်များတဲ့ရောဂါလက္ခဏာတွေနဲ့ အပြင်းအထန်ဖျားနာမှုရဲ့အန္တရာယ်ရှိနိုင်မှုကို သိရှိနားလည်ပါ။

၅။ စက်ရုံမှာ ဘယ်သူတွေက ရောဂါပိုးကူးစက်နိုင်ခြေများပါသလဲ။

၆။ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပေါ်နေချိန်အတွင်းမှာ အလုပ်သမားတွေဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တာဝန်ဝတ္တရား

၇။ အလုပ်သမားတွေရောဂါပိုးကူးစက်ခံရမယ်ဆိုပါက၊ လုပ်ငန်းအပေါ် ပြင်းထန်တဲ့အကျိုးသက်ရောက်မှု




**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

သင်ခန်းစာအပိုင်းပြီးဆုံးသောအချိန်တွင် သင်တန်းသားများ အနေဖြင့် အမည်အားဖြင့်အမျိုးအစားခွဲခြားထားသော အောက်ဖော်ပြပါ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး၊ အသိပညာများရရှိရန်လိုအပ်ပါသည်။

၁။ လုပ်သားထုနှင့် လုပ်ငန်းခွင်အား ကာကွယ်စောင့်ရှောက်ရေး

၂။ ရောဂါပိုးကူးစက်နိုင်ခြေမြင့်မားသူများအား ကာကွယ်စောင့်ရှောက်ရေး

၃။ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုလုပ်ငန်းစဉ်ကို ဖြစ်ပေါ်လာသည့် အခြေအနေနှင့်ဆီလျော်အောင် လုပ်ဆောင်ခြင်း

၄။ အလုပ်ရှင်ဦးစီးဆောင်ရွက်သည့် ကြားဝင်ဆောင်ရွက်မှု


သင်တန်း၏ ယေဘုယျသင်ခန်းစာအပိုင်းများကို သင်တန်းသားဗဟိုပြုသော လိုက်ဖက်သည့်နည်းစနစ်ဖြင့် ရေးဆွဲဖော်ဆောင်ထားပါသည်။ ဖြစ်ရပ်များလေ့လာခြင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခြင်း၊ အခက်အခဲပြဿနာ ဖြေရှင်းခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သော သင်ယူလေ့လာခြင်းများအားဖြင့် လေ့လာသင်ယူမှုတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးသွားမည် ဖြစ်ပါသည်။ ထိရောက်သည့် အွန်လိုင်းလေ့လာသင်ယူမှုဖြစ်စေရန်အတွက် သင်တန်းသားများအား အောက်ဖော်ပြပါတို့ကို လုပ်ဆောင်ရန် အားပေးတိုက်တွန်းသွားမည် ဖြစ်ပါသည်။

- လေ့လာသင်ယူမှုတွင်ပါဝင်ရန်
- မေးခွန်းများမေးမြန်းရန်
- အတွေ့အကြုံများဝေမျှရန်
- အခြားသူများထံမှ လေ့လာသင်ယူရန်

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

လက်ရှိအချိန်တွင် ဤသင်တန်းကို လူတိုင်းတက်ရောက်နိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်
COVID-19 နှင့်သက်ဆိုင်သော လမ်းညွှန်ချက်များကို လိုက်နာပါ။






- လက်ကို စနစ်တကျ၊ မကြာခဏ ဆေးကြောခြင်း။
- တစ်ဦးနှင့် တစ်ဦးကြား (၆) ပေအကွာ ခပ်ခွာခွာအလုပ်လုပ်ခြင်း။
- နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာရမည့် ကျင့်ဝတ်များအား လိုက်နာခြင်း။

International Labour Organization



## ၆။ လုပ်ငန်းခွင်များတွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး - ဆောက်လုပ်ရေးလုပ်ငန်း

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

- ဝန်ကြီးဌာနမှ အရာရှိများ
- အလုပ်ရှင်ကိုယ်စားလှယ်များ (လုပ်ငန်းအုပ်ချုပ်စီမံရေး တာဝန်ရှိသူများအဆင့်)
- အလုပ်သမားအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ (ဆောက်လုပ်ရေးလုပ်ငန်း အလုပ်သမားများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ)
- ဆောက်လုပ်ငန်းလုပ်ငန်းခွင် အင်ဂျင်နီယာများ
- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရာရှိများ
- မန်နေဂျာ/စီမံခန့်ခွဲရေးမန်နေဂျာ၊ အလုပ်ရှင်
- ဆောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည့် ပါဝင်သက်ဆိုင်သူများ

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

၁။ ဗိုင်းရပ်(စ်)ပိုးဟာ ဘယ်လိုကူးစက်ပြီး ရောဂါလက္ခဏာတွေက ဘာတွေလဲ။

၂။ ဆောက်လုပ်ငန်းလုပ်ငန်း၏ လုပ်ငန်းခွင်ရှိ ရောဂါပိုး ကာကွယ်တားဆီးရေးဆောင်ရွက်မှုများ

၃။ နေအိမ်တွင် ရောဂါပိုးကာကွယ်တားဆီးရေး ဆောင်ရွက်မှုများ

၄။ လုပ်ငန်းခွင်တွေမှာ သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်တွေ ဖြစ်ပေါ်လာတဲ့အခါ အရေးပေါ်အခြေအနေတွေကို ဘယ်လိုတုန့်ပြန်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မလဲ။

၅။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးရဲ့ အရေးကြီးပုံကို သိရှိနားလည်ခြင်း

၆။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး အလုပ်သမားများ အတွက် သင်တန်းပေးခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းနဲ့ အသိပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဤသင်တန်းကို သင်ခန်းစာအထောက်အကူပြုအရာများ ဖြစ်သော Powerpoint များ၊ မှတ်စုတိုများနှင့် သတင်းအချက် အလက်စာရွက်များ ဖြည့်ဆည်းပေးပြီး အွန်လိုင်းပုံစံဖြင့် သင်ကြားပေးသွားမည်ဖြစ်ပါသည်။ သင်တန်းသားများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သင်ယူလိုသည့် သင်ခန်းစာကို လေ့လာသင်ယူနိုင်ပါသည်။ သင်ခန်းစာတစ်ခုလုံးကို မူလအနေ အထားတွင် လေ့ကျင့်သင်ကြားပေးသူနှင့် အပြန်အလှန်ဆောင် ရွက်ရမည့် ၂ ရက်တာသင်တန်းအနေဖြင့် ဒီဇိုင်းပုံဖော်ထားပါ သည်။ သင်တန်းတွင် ပါဝင်သည့်အချို့သော အကြောင်းအရာ များအတွက် လက်တွေ့လေ့ကျင့်လုပ်ဆောင်မှုများ ပါရှိမည်ဖြစ်ပါသည်။ ထိုသို့အားဖြင့် သင်တန်းသားများသည် လက်တွေ့လုပ်ဆောင်သည့် အသိပညာများရရှိနိုင်ကြမည် ဖြစ်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

လက်ရှိ အွန်လိုင်းမှ သင်ယူလေ့လာခြင်း စတင်သည့်အချိန် ကာလတွင် ဤသင်တန်းကို လူတိုင်းတက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးထားပါသည်။ အပြန်အလှန်လေ့ကျင့်ဆောင်ရွက်သည့် သင်တန်းအစီအစဉ်ပြီးဆုံးအောင် ပါဝင်မှုအပေါ်မူတည်ပြီး အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ရရှိမည်ဖြစ်ပါသည်။

## ၇။ လုပ်ငန်းခွင်များတွင် ကိုဗစ် – ၁၉ ကာကွယ်တားဆီးရေးနှင့် လျှော့ချရေး – လယ်ယာစိုက်ပျိုးရေးလုပ်ငန်း

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

ဤသင်တန်းသည် အောက်ပါ ပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပါသည်။

- လယ်ပိုင်ရှင်များနှင့် အလုပ်သမားများ
- လယ်သမားများ
- မိတ်ဖက်အဖွဲ့အစည်း (လယ်ယာစိုက်ပျိုးရေးလုပ်ငန်း)
- အလုပ်သမားအဖွဲ့အစည်းခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

ဤသင်တန်းသည် အောက်ပါ အကြောင်းအရာများနှင့် အကျုံးဝင်ပါသည်။

၁။ ဗိုင်းရပ်(စ်) ကူးစက်ပျံ့နှံ့ပုံနှင့် ရောဂါလက္ခဏာများ

၂။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကိုဗစ် – ၁၉ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများ

၃။ ကိုဗစ် – ၁၉ နှင့်စပ်လျဥ်းသည့် တာဝန်ဝတ္တရားများ

၄။ ကိုဗစ် – ၁၉ ရောဂါကို ပိုမိုထိရောက်စွာ တုန့်ပြန်ဆောင်ရွက်ရန်အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ရေးစနစ်ကို အသုံးပြုခြင်း

၅။ ကိုဗစ် – ၁၉ နှင့်စပ်လျဥ်းသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆန်းစစ်မှုစာရင်း

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဤသင်တန်းစာတွင် သင်ခန်းစာမော်ကျူး ၇ ခု ပါဝင်ပြီး၊ သင်ကြားပို့ချသူနှင့် အပြန်အလှန် လုပ်ဆောင်ရသော ၂ ရက်တာ သင်တန်းအဖြစ် ဒီဇိုင်းပုံဖော်ထားပါသည်။ သင်တန်းတွင် အသုံးပြုသည့် ပစ္စည်းများတွင် သင်တန်းသားများအား လေ့လာသင်ယူမှုများကို စေ့စပ်စုံလင်စွာ သိရှိနားလည်ပြီး၊ လုပ်ငန်းခွင်များနှင့် ၎င်းတို့၏ လေ့ကျင့်ဆောင်ရွက်မှုများတွင် အသုံးချနိုင်စွမ်းရှိစေရန်အတွက် လက်တွေ့လုပ်ဆောင်ရသည့် လေ့ကျင့်ခန်းများပါဝင်ပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

စိတ်ပါဝင်စားသူမည်သူမဆို ကိုယ်တိုင်စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်နိုင်ပါသည်။ သင်တန်းနှင့် အပြီးသတ် အကဲဖြတ်ဆန်းစစ်မှုပြီးဆုံးသောအခါတွင် သင်တန်းတက်ရောက်ကြောင်း အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်ရရှိမည် ဖြစ်ပါသည်။



## ၈။ မြန်မာနိုင်ငံရှိ ချင်းစိုက်တောင်သူ အမျိုးသားများနှင့် အမျိုးသမီးများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း

**ဒီသင်တန်းရဲ့အဓိကဦးတည်ရည်ရွယ်တဲ့ သင်တန်းသားတွေက ဘယ်သူတွေလဲ။ ဒီသင်တန်းကို ဘယ်သူတွေတက်ရောက်မှာလဲ။**

ဤသင်တန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများနှင့် ယင်းတို့၏ အဖွဲ့အစည်းအတွက် ရည်ရွယ်ပါသည်။

**ဒီသင်တန်းမှာ ဘယ်လိုအကြောင်းအရာတွေကို သင်ကြားမှာလဲ။ ကျွန်တော်/ကျွန်မ အနေနဲ့ဘယ်အရာတွေကို သင်ယူလေ့လာရမှာလဲ။**

သင်ခန်းစာတွင် အောက်ပါအကြောင်းအရာများပါဝင်ပါသည်။

၁။ ချင်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းရှိ အမျိုးသမီးများနှင့် အမျိုးသားများ၏ အခန်းကဏ္ဍ

၂။ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော စိုက်ပျိုးရေးလုပ်ငန်း – ကောင်းမွန်သည့်စီးပွားရေး

၃။ လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် အန္တရာယ်ရှိနိုင်ခြေများ

၄။ အဆင့်ဆင့်ထိန်းချုပ်မှု

၅။ အသုံးပြုသည့်ပစ္စည်းများအား ထိန်းသိမ်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်း

၆။ အသုံးပြုသည့်ပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခြင်း

၇။ ဖြည့်ဆည်းပေးသည့်အရာများအား ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုခြင်းနှင့် ထိန်းသိမ်းကိုင်တွယ်ခြင်း

၈။ အပူချိန် အန္တရာယ်ကင်းရှင်းရေး

စိုက်ပျိုးရေးလုပ်ငန်းရှိ ဘေးအန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ပုံ၊ ရှင်းလင်းဖယ်ရှားပုံ၊ ထိန်းချုပ်ပုံနှင့် ယင်းတို့အားတိုင်းတာပုံတို့နှင့် ပတ်သက်ပြီး လေ့လာသွားမည်ဖြစ်ပါသည်။ ထို့အပြင်၊ အမျိုးသမီးများနှင့် အမျိုးသားများသည် တူညီသောအလုပ်ကိုင်လုပ်ကိုင်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် လုပ်ငန်းခွင်တွင် မတူညီဘေးအန္တရာယ်များနှင့် အန္တရာယ်ရှိနိုင်ခြေများနှင့် ကြုံတွေ့နိုင်သည့်အနေအထားနှင့်ပတ်သက်၍လည်း သိရှိနားလည်မည်ဖြစ်ပါသည်။

**သင်ခန်းစာကို ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

သင်ခန်းစာကို မော်ကျူး ၈ ခုခွဲထားပြီး၊ လေ့ကျင့်ခန်းနှင့် အဖွဲ့လိုက်လုပ်ဆောင်ခြင်းများ ပါရှိပါသည်။ သင်ခန်းစာမော်ကျူးတစ်ခုချင်းစီပြီးဆုံးသည့်နောက်တွင် စိုက်ပျိုးရေးလုပ်ငန်းရှိ အန္တရာယ်ဖြစ်နိုင်ခြေများ ကို အကဲဖြတ်ဆန်းစစ်ရန်နှင့် ယင်းအခြေအနေများကို သင်တန်းသားများကိုယ်တိုင် မှန်ကန်အောင်ပြုလုပ်နိုင်မည့်နည်းလမ်းများကို ဆန်းစစ်နိုင်ရန်အတွက် ဆန်းစစ်ချက်စာရင်းဖြင့် လုပ်ဆောင်ရမည့်အပိုင်း ပါရှိပါသည်။

**သင်တန်းတက်ဖို့ အမည်စာရင်းပေးသွင်းဖို့နဲ့ သင်တန်းပြီးဆုံးတဲ့အခါ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေက ဘာတွေလဲ။**

လက်ရှိ အွန်လိုင်းမှ သင်ယူလေ့လာခြင်း စတင်သည့်အချိန်ကာလတွင် ဤသင်တန်းကို လူတိုင်းတက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးထားပါသည်။ အပြန်အလှန်လေ့ကျင့်ဆောင်ရွက်သည့် သင်တန်းအစီအစဉ်ပြီးဆုံးအောင် ပါဝင်မှုအပေါ်မူတည်ပြီး အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ရရှိမည်ဖြစ်ပါသည်။

